## ချင်းရေးရာဝန်ကြီးဌာန။

## (ရွာသူကြီး၊ ကျေးရွာကောင်စီလူကြီးများနှင့် တိုက်နယ်ကောင်စီလူကြီးများ ရွေးကောက်ရာ၌ လိုက်နာရန် နည်းဥပဒေများ)

## အမှတ် ၃၂

## ရန်ကုန်မြို့၊ ၁၃၁၁ ခု၊ ဝါခေါင်လဆန်း ၉ ရက်။

## (၁၉၄၉ ခု၊ ဩဂုတ်လ ၂ ရက်။)

အမှတ် ၃၂။ ။ နိုင်ငံတော်သမတသည်၊ ၁၉၄၈ ခုနှစ်၊ ချင်းဝိသေသတိုင်း အက်ဥပဒေပုဒ်မ ၄၃ အရ၊ ရွာသူကြီး၊ ကျေးရွာကောင်စီလူကြီးများနှင့် တိုက်နယ်ကောင်စီလူကြီးများ ရွေးကောက်ရာ၌ လိုက်နာရန်၊ အောက်ပါ နည်းဥပဒေများကို ပြုလိုက်သည်။

### အခန်း(၁)။

၁။ ။ မည်သူမဆို၊ အသက်ဆယ့်ရှစ်နှစ်ပြည့်၍ ကျေးရွာတွင် အမြဲနေထိုင်လျှင်၊ ရွာသူကြီး၊ သို့တည်း မဟုတ်၊ ကျေးရွာကောင်စီလူကြီးရွေးကောက်ပွဲ၌ မဲပေးနိုင်သည်။

သို့ရာတွင်၊ စိတ်ပေါ့သွပ်သူဖြစ်စေ၊ သို့တည်းမဟုတ်၊ လွန်ခဲ့သောသုံးနှစ်အတွင်းက ကိုယ်ကျင့်တရား ပျက်ပြားရာရောက်သောပြစ်မှုအတွက်၊ ထောင်ဒဏ်သုံးလထက်မနည်းကျခံခဲ့ဘူးသူဖြစ်စေ၊ မဲပေးနိုင်ခွင့် မရှိစေရ။

၂။ ။ ရွာသားများကတင်မြှောက်၍၊ နယ်ပိုင်ဝန်ထောက်က သဘောတူသောသူသည်၊ ရွေးကောက်ပွဲ အရာရှိအဖြစ်ဆောင်ရွက်ရမည်။ သို့ရာတွင် ထိုရွေးကောက်ပွဲအရာရှိသည်၊ ယှဉ်ပြိုင် အရွေးခံသူ မဖြစ်စေရ။ ထိုရွေးကောက်ပွဲ အရာရှိက၊ မည်သည့်နေရာ၊ မည်သည့်နေ့ရက်၊ မည်သည့်အချိန်နာရီ၌၊ မည်သည့်ကိစ္စအတွက် ရွေးကောက်ပွဲကျင်းပမည်ဟု သက်ဆိုင်ရာရွာသို့ ရွေးကောက်ပွဲမကျင်းပမီ၊ ဆယ်ရက်ကြိုတင်၍ စာဖြင့် အကြောင်းကြားရမည်။

၃။ ။ ဤကဲ့သို့အကြောင်းကြားပြီးသည်နောက်၊ ရွေးကောက်ပွဲမတိုင်မီ အချိန်အတွင်း၊ ရွေးကောက်ပွဲတွင် မဲပေးခွင့်ရသူ တဦးတယောက်သည်၊ မဲပေးခွင့်ရသူနှစ်ဦး၏ ထောက်ခံချက်ဖြင့်၊ ရွေးကောက်ပွဲ၌ ယှဉ်ပြိုင်အရွေးခံလိုကြောင်းကို စာဖြင့်ရေးသား၍ တင်သွင်းနိုင်သည်။

ဤကဲ့သို့ အရွေးခံလိုသူသည်၊ အနည်းဆုံးအသက်နှစ်ဆယ့်တနှစ်ပြည့်ရမည်။

၄။ ။ ရွေးကောက်ပွဲအရာရှိကချိန်းဆိုထားသောနေ့နှင့် အချိန်နာရီ၌၊ သက်ဆိုင်ရာရွာတွင် ရွေးကောက်ပွဲ ကျင်းပရမည်။

၅။ ။ အကယ်၍ ယှဉ်ပြိုင်အရွေးခံလိုသူများသည်၊ လိုအပ်သောနေရာများထက် နည်းသည်ဟု ရွေးကောက်ပွဲအရာရှိက တွေ့ရှိလျှင်၊ အရွေးခံလိုသူများသည်၊ ဂုဏ်အင်္ဂါနှင့်ပြည့်စုံသည်ဟု တွေ့ရှိရသော်၊ ထိုသူတို့အား နည်းလမ်းတကျ ရွေးကောက်ခြင်းခံရသူများဖြစ်သည်ဟု ကြေညာရမည်။ ထိုရွေးကောက် ခံရသူများ၏ အမည်များကို၊ နယ်ပိုင်ဝန်ထောက်မှတဆင့် အရေးပိုင်ထံတင်သွင်းရမည်။

Myanmar Law Information System (MLIS)

၆။ ။ အကယ်၍ ယှဉ်ပြိုင်အရွေးခံလိုသူများသည်၊ လိုအပ်သောနေရာ အရေအတွက်ထက် ပိုမိုခဲ့သော်၊ ရွေးကောက်ပွဲအရာရှိသည်၊ ရွေးကောက်ပွဲကျင်းပရန် ဆက်လက်ဆောင်ရွက်ရမည်။ ထိုအရာရှိသည်၊ ယှဉ်ပြိုင်အရွေးခံလိုသူများ၏ သဘောတူညီချက်အရ၊ မိမိအားကူညီရန် သင့်တော်သူများကို ရွေးချယ်နိုင် သည်။

၇။ ။ ရွေးကောက်ပွဲကို၊ ဗိုလ်ရုံ၊ သို့တည်းမဟုတ် အခြားသင့်တော်သော အဆောက်အအုံ၌ ကျင်းပရမည်။ ထိုနေရာများကို အောက်တွင်မဲရုံဟုခေါ်သည်။ ယှဉ်ပြိုင်အရွေးခံလိုသူများ၏ အမည်ရေးသားထားသော မဲပုံးများကို မဲရုံတွင်ထားရှိရမည်။ မဲဆန္ဒရှင်တဦးကို မဲတမဲစီပေး၍၊ အမည်ရေးသားထားသော မဲပုံးထဲသို့ မဲထည့်ခြင်းအားဖြင့် မဲဆန္ဒပေးစေရမည်။ ရွေးကောက်ပွဲအရာရှိသည်၊ မိမိမဲထုတ်ပေးသော ရွာသား များ၏ အမည်များနှင့် ထိုသူတို့၏ ဘခင်၏ အမည်များ ရေးမှတ်ထားရမည်။

၈။ ။ မဲရုံ၌၊ ရွေးကောက်ပွဲအရာရှိနှင့် အရာရှိအားကူညီရန် ရွေးချယ်ထားသူများမှအပ၊ အခြားမည်သူမျှ မရှိစေရ။ ရွေးကောက်ပွဲအရာရှိသည်၊ နည်းဥပဒေ (၁)အရ၊ မဲပေးပိုင်ခွင့်မရှိသောသူများက မဲမပေးနိုင်ရန် ကြည့်ကြပ်ဘို့တာဝန်ရှိသည်။

၉။ ။ ရွေးကောက်ပွဲစ၍ ကျင်းပရမည့် အချိန်သည်၊ ၈ နာရီထက်မစောစေရ။ မွန်းတည့် ၁၂ နာရီ ထက် လည်း နောက်မကျစေရ။ မဲပေးရန် အနည်းဆုံးအချိန် လေးနာရီ ပေးရမည်။

၁၀။ ။ မဲပေးချိန်စေ့ကုန်သည့်အခါ၊ ရွေးကောက်ပွဲအရာရှိသည်၊ မိမိအားကူညီသူများနှင့်တကွ မဲများကို ရေတွက်၍ ရွေးကောက်ခြင်းခံရသူများ၏အမည်များကို၊ ထိုနေ့နေမဝင်မီကြေညာရမည်။ ထိုနောက် ရွေးကောက်ခြင်းခံရသူများ၏ အမည်များကို၊ နယ်ပိုင် ဝန်ထောက်ထံမှတဆင့် အရေးပိုင်ထံသို့ တင်သွင်း ရမည်။

၁၁။ ။ အရွေးခံသူနှစ်ယောက်သည်၊ မဲတူညီနေသည့်ပြင် နှစ်ယောက်စလုံးရွေးချယ်ခြင်းမခံနိုင်ပါက၊ ထိုနှစ်ယောက်အနက် မည်သူရသင့်သည်ကို မဲချ၍ ဆုံးဖြတ်ရမည်။

၁၂။ ။ ရွာသူကြီးရွေးကောက်ပွဲပြီးသော နောက်တနေ့တွင်၊ ကျေးရွာကောင်စီလူကြီးများ ရွေးကောက်ပွဲ ကျင်းပရမည်။

၁၃။ ။ ရုံဖန်ရုံခါလစ်လပ်သော နေရာတွင်၊ ရွေးကောက်ပွဲကျင်းပစဉ်က၊ ရွေးကောက်ခြင်းမခံရဘဲ ကျန်နေသောလူများထဲမှမဲအများဆုံးရသူက ခေတ္တဆောင်ရွက်ရမည်။

၁၄။ ။ ရွေးကောက်ပွဲ၌ စည်းကမ်းမကျမှုများရှိလျှင်၊ နယ်ပိုင်ဝန်ထောက်ထံသို့ ဆုံးဖြတ်ရန်လျှောက်ထား နိုင်သည်။ နယ်ပိုင်ဝန်ထောက်၏ ဆုံးဖြတ်ချက်ကို၊ အရေးပိုင်ထံအယူခံဝင်နိုင်သည်။

၁၅။ ။ ရွာတရွာတွင်၊ အိမ်ခြေသုံးဆယ်ထက်မပိုလျှင်၊ ရွာသူကြီးမပါ၊ ကျေးရွာကောင်စီ လူကြီးနှစ်ဦး ရှိရမည်။ အိမ်ခြေနှစ်ဆယ့်ငါးအိမ်၊ သို့တည်းမဟုတ် နှစ်ဆယ့်ငါးအိမ်၏ အစိတ်အပိုင်းအတွက်၊ နောက်ထပ်ကျေးရွာကောင်စီ လူကြီးတယောက် ထပ်မံရှိရမည်။ သို့ရာတွင် ဆယ့်ငါးအိမ်မပြည့်ခဲ့သော်၊ နှစ်ဆယ့်ငါးအိမ်၏ အစိတ်အပိုင်းဟုမမှတ်ယူရ။

၁၆။ ။ ရွာသူကြီးသည်၊ သက်ဆိုင်ရာရွာသားများ၏ တိုင်ချက်များကို လက်ခံ၍ စစ်ဆေးဆုံးဖြတ်ရန် ကျေးရွာကောင်စီအစည်းအဝေးပွဲများကျင်းပရမည်။ ရွာသူကြီးသည်၊ စာရင်းများ၊ အစည်းအဝေး မှတ်တမ်း များထားရန် တာဝန်ရှိသည်။

Myanmar Law Information System (MLIS)

၁၇။ ။ မဲဖြင့်ဆုံးဖြတ်ရန်လိုသော ကိစ္စကိုမဲဖြင့် ဆုံးဖြတ်ရမည်။ မဲအရေအတွက် ညီမျှနေမှသာလျှင်၊ ဥက္ကဋ္ဌကမိမိ၏ အနိုင်မဲကိုပေးရမည်။

၁၈။ ။ ရွာသူကြီးသည်၊ မိမိမရှိခိုက်တွင် ကျေးရွာကောင်စီ ဥက္ကဋ္ဌ၏ တာဝန်ဝတ္တရားများကို ဆောက်ရွက် ရန် ကောင်စီလူကြီးတဦးဦးအားလွှဲအပ်နိုင်သည်။ ထိုသို့လွှဲအပ်ခြင်းခံရသူသည်၊ ဥက္ကဋ္ဌကဲ့သို့ မဲပေးနိုင် ခွင့်ရှိရမည်။

၁၉။ ။ ရွာသူကြီးအပါအဝင်ဖြစ်သော ကျေးရွာကောင်စီလူကြီး သုံးပုံတပုံတက်ရောက်လျှင်၊ အစည်း အဝေးအထမြောက်ရမည်။ သို့ရာတွင် ထိုသုံးပုံတပုံသည် နှစ်ယောက်အောက်နည်းလျှင်၊ ရွာသူကြီးနှင့် ကျေးရွာကောင်စီလူကြီးတဦးတက်ရောက်လျှင်၊ အစည်းအဝေးအထမြောက်ရမည်။

၂၀။ ။ ကျေးရွာကောင်စီ၏စီရင်ချက်ကို စာဖြင့်ရေးသားရမည်။ ထိုစီရင်ချက်တွင် မည်သည့် အကြောင်း များကြောင့် ယင်းသို့ စီရင်ဆုံးဖြတ်ရမည်ကို အတိုချုပ်ဖော်ပြပြီးလျှင်၊ တက်ရောက်သော ကျေးရွာ ကောင်စီလူကြီးတိုင်းသည်၊ မိမိ၏လက်မှတ်များ ရေးထိုးရမည်။

၂၁။ ။ မည်သည့်ရာဇဝတ်မှု၊ သို့တည်းမဟုတ် တရားမမှုနှင့်မဆို၊ တိုက်ရိုက်သော်၎င်း၊ သွယ်ဝိုက်၍ သော်၎င်း အကျိုးသက်ဆိုင်သော ကျေးရွာကောင်စီလူကြီးသည် ထိုအမှုမျိုးကို ဆုံးဖြတ်ရာ၌ မပါဝင်ရ။

၂၂။ ။ ကျေးရွာကောင်စီစစ်ဆေးသော ရာဇဝတ်မှု၊ သို့တည်းမဟုတ် တရားမမှုများတွင်၊ သက်သေများ အား ကတိသစ္စာဆိုစေ၍၊ သို့တည်းမဟုတ် ကျမ်းကျိန်ဆိုစေ၍ စစ်ဆေးနိုင်သည်။

**အခန်း (၂)။**

**တိုက်နယ်ကောင်စီလူကြီးများကို ရွေးကောက်ရာ၌ လိုက်နာရန် နည်းဥပဒေများ။**

၁။ ။ သက်ဆိုင်ရာ တိုက်နယ်တခုအတွင်းရှိကျေးရွာအားလုံးတို့၏ သက်ဆိုင်ရာကျေးရွာကောင်စီ လူကြီး များရွေးကောက် ပြီးဆုံးသည့်နောက်တလအတွင်း၊ တိုက်နယ်ကောင်စီဝင်လူကြီးများကို ရွေးကောက် ရမည်။

၂။ ။ ရွေးကောက်မည့်နေရာနှင့် နေ့ရက်အချိန်နာရီကို နယ်ပိုင်ဝန်ထောက်က သတ်မှတ်၍၊ ဆယ့်ငါးရက် ကြိုတင်ပြီး သက်ဆိုင်ရာကျေးရွာကောင်စီများကို စာဖြင့်အကြောင်းကြားရမည်။

၃။ ။ တိုက်နယ်ကောင်စီလူကြီး ရွေးကောက်ရန်လာသော ကိုယ်စားလှယ်များသည်၊ ရွေးကောက်ပွဲ အတွက် ခေတ္တသဘာပတိလုပ်ရန်၊ မိမိတို့အများ သဘောတူသောလူတယောက်ကို မိမိတို့အထဲမှ ရွေးချယ် ရမည်။

၄။ ။ တိုက်နယ်ကောင်စီလူကြီးအရွေးခံလိုသူများသည်၊ မိမိအရွေးခံလိုကြောင်းကို ထောက်ခံသူတဦး ရှိသည့်အခါဖြစ်စေ၊ အဆိုသွင်းသူနှင့် အခြားထောက်ခံသူတဦး ရှိသည့်အခါဖြစ်စေ ဝင်ရောက် ယှဉ်ပြိုင် အရွေးခံနိုင်သည်။

၅။ ။ ခေတ္တသဘာပတိသည်၊ ယှဉ်ပြိုင်အရွေးခံလိုသူတဦးဖြစ်ခဲ့သော်၊ ထိုသူ၏ရာနေတွင် အခြား သင့်တော်သူတယောက်ကို ရွေးကောက်တင်မြှောက်ရမည်။

၆။ ။ သဘာပတိသည်၊ ရွေးကောက်ပွဲကျင်းပရာ၌၊ မိမိအားကူညီရန်အလို့ငှါ၊ ယှဉ်ပြိုင်အရွေးခံလိုလူ များ၏ သဘောတူချက်နှင့် သင့်တော်သူများကို ရွေးချယ်နိုင်သည်။

၇။ ။ မဲဆန္ဒပေးခြင်းကိုလျှို့ဝှက်သော မဲဆန္ဒပေးစံနစ်ဖြင့် ပြုလုပ်ရမည်။

၈။ ။ တိုက်နယ်ကောင်စီလူကြီး ရွေးကောက်ရန်အတွက် လာရောက်သော ကိုယ်စားလှယ်တိုင်း မဲပေး နိုင်သည်။

၉။ ။ မဲပေးပြီးသည်နှင့်တပြိုင်နက်၊ သဘာပတိက၊ မိမိအားကူညီသူများနှင့် တကွ မဲများကို ယှဉ်ပြိုင် အရွေးခံသူများ၏ ရှေ့၌ရေတွက်၍ ချက်ခြင်းကြေညာရမည်။

၁၀။ ။ အရွေးခံသူနှစ်ယောက်သည်၊ မဲတူညီနေသည့်ပြင် နှစ်ယောက်စလုံးရွေးချယ်ခြင်းမခံနိုင်ပါက၊ ထိုသူနှစ်ယောက်အနက် မည်သူရသင့်သည်ကို၊ မဲချခြင်းအားဖြင့် ဆုံးဖြတ်ရမည်။

၁၁။ ။ ရွေးကောက်ခြင်းခံရသူများ၏ အမည်များကို၊ သဘာပတိက နယ်ပိုင်ဝန်ထောက်မှတဆင့် အရေးပိုင်ထံသို့ သွင်းတင်ရမည်။

## အခန်း(၃)။

၁။ ။ စစ်ဆေးစီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးတရုံးမှ ကြားနာစစ်ဆေး၍၊ အပြီးသတ်စီရင် ဆုံးဖြတ်ပြီးဖြစ်သော ယခင်က တရားမမှုတမှုတွင်ပါဝင်သည့် တရားဘက်အမှုသည်များနှင့်အခွင့်အရေး များမှာ၊ နောက်ထပ်စွဲဆိုသည့် တရားမမှုတွင် တရားဘက်ဖြစ်သည့်အမှုသည်များ၊ အခွင့်အရေးများနှင့် ထပ်တူဖြစ်ခဲ့သော်၊ ထိုတရားမမှုပါ အမှုသည်တို့ကဖြစ်စေ၊ ထိုအမှုသည်တို့ကိုအစွဲပြု၍ ဆက်ခံစွဲဆို သူတို့ကဖြစ်စေ၊ ထိုတူညီသောအချင်းဖြစ် အကြောင်းအရာနှင့်စပ်၍၊ နောက်ထပ်စွဲဆိုသည့် တရားမမှုကို မည်သည့်တရားရုံးကမျှ ထပ်မံမစစ်ဆေးရ။

၂။ ။ တရားရုံးသို့ လာရောက်ရန်ကိစ္စ၊ လျှောက်လွှာတင်သွင်းရန်ကိစ္စ၊ သို့တည်းမဟုတ် ဆောင်ရွက် ဘွယ်ရာကိစ္စ အသီးသီးကို အမှုသည်များကိုယ်တိုင်ဖြစ်စေ၊ ဆိုင်ရာရွာသူကြီး၏ လက်မှတ်ရေးထိုးသော စာဖြင့် အမှုသည်က၊ နည်းလမ်းတကျလွှဲအပ်ထားသည့် ကိုယ်စားလှယ်တဦးကဖြစ်စေ၊ ပြုလုပ် ဆောင်ရွက်ရမည်။

၃။ ။ တရားလိုသည်၊ မိမိအမှုအတွက် တရားသူကြီးထံနှုတ်ဖြင့်စတင်၍ ဦးတိုက်လျှောက်ထားနိုင်သည်။ သို့တည်းမဟုတ် စွဲချက်လျှောက်လွှာတင်သွင်းနိုင်သည်။ နှုတ်ဖြင့် လျှောက်ထားချက်ကို တရားရုံးက ဖြစ်စေ၊ တရားရုံး၏ညွှန်ကြားချက်အရဖြစ်စေ ရေးမှတ်ထားရမည်။

၄။ ။ လျှောက်ထားသောအခါ၊ သို့တည်းမဟုတ် စွဲချက်လျှောက်လွှာတင်သွင်းသောအခါ၊ တရားရုံးက အမှုကို မှတ်ပုံတင်စာရင်းတွင် ရေးသွင်း၍၊ တရားလိုကိုဖြစ်စေ၊ တရားလို၏ကိုယ်စားလှယ်ကိုဖြစ်စေ အမှု၏ အကျိုးအပြစ်နှင့် ပတ်သက်၍ စစ်ဆေးရမည်။

၅။ ။ စစ်ဆေးသောအခါ၊ အချင်းဖြစ်ပွါးသည့် အကြောင်းအချက်သည်၊ အရေးယူရန်မခိုင်လုံဟု ထင်မြင် လျှင်၊ သို့တည်းမဟုတ် လျှောက်ထားစွဲဆိုချက်သည်၊ တရားမရုံးတွင် တရားမစွဲနိုင်သောအမှုကိစ္စ ဖြစ်သည်ဟု ထင်မြင်လျှင် တရားရုံးက ထိုအမှုကို ပလပ်နိုင်သည်။

၆။ ။ စစ်ဆေးသောအခါ အချင်းဖြစ်ပွါးခြင်းနှင့်ပတ်သက်၍၊ တရားလိုကဖေါ်ပြသော အကြောင်းအချက် များသည်၊ လုံလောက်သည်ဟုတွေ့ရှိလျှင်၊ သတ်မှတ်ထားသည့်ရုံးခွန်တော်နှင့် သမ္မာန်စာထုတ်ဆင့်ခများ ကို ပေးသွင်းရန်ရှိလျှင်၊ ၎င်းတို့ကို တရားလိုကဖြစ်စေ၊ တရားလို၏ကိုယ်စားလှယ်ကဖြစ်စေ စရိတ်များ ပေးသွင်းခဲ့သော်၊ တရားရုံးက တရားခံအား၊ သတ်မှတ်ချိန်းဆိုသည့် နေရာ နေ့ရက်တွင် လာရောက်ချေပ လျှောက်လဲရန် သမ္မာန်စာထုတ်ဆင့်ရမည်။

Myanmar Law Information System (MLIS)

၇။ ။ အမှုသည်အသီးသီးက တင်ပြသည့်သက်သေများနှင့် တရားခံကို၊ တရားရုံးကညွှန်ကြားသည့် နည်းလမ်းအတိုင်း သမ္မာန်စာထုတ်ဆင့်၍ ခေါ်ရမည်။

၈။ ။ အမှုသည်များက၊ မိမိတို့၏သက်သေများကို သမ္မာန်စာ ထုတ်ဆင့်ခေါ်ရန် ရုံးသို့လျှောက်ထားလျှင်၊ တရားမကျင့်ထုံး ဥပဒေ အမိန့်အမှတ် ၁၆၊ နည်းဥပဒေ ၂ တွင်ဖော်ပြထားသည့်အတိုင်း၊ သက်သေ စရိတ်ငွေနှင့် သမ္မာန်စာထုတ်ဆင့်ခများပေးရန် တံဆိပ်ခေါင်းအလွယ်တကူမရနိုင်သော နေရာများ၌၊ ငွေကိုလက်ငင်းကြိုတင်၍ တင်သွင်းရမည်။

၉။ ။ အမှုစစ်ဆေးသောအခါ၊ တရားလိုနှင့် တရားခံသော်၎င်း၊ ထိုသူတို့၏ကိုယ်စားလှယ်သော်၎င်း တက်ရောက်ရမည်။ သို့ရာတွင် မည်သည့်အမှုသည်မဆို၊ မိမိမလာရောက်နိုင်ကြောင်း ခိုင်မာလုံလောက် သည့် အကြောင်းပြချက် မရှိလျှင်၊ ထိုအမှုသည် မလာရောက်သော်လည်း၊ အမှုကို တရားရုံးက စီရင်ဆုံးဖြတ်နိုင်သည်။ ခိုင်မာလုံလောက်သည့် အကြောင်းပြချက်ရှိလျှင်၊ အမှုသည် တဦးဦးမရှိဘဲ စီရင် ဆုံးဖြတ်ပြီးသော အမှုကို၊ တရားရုံးက ပြန်လည်ဖွင့်လှစ်နိုင်သည်။

၁၀။ ။ အမှုတမှုတွင် မည်သည့်သက်သေထွက်ချက်ကိုမဆို၊ အမှုသည်တဦး နားမလည်သော ဘာသာစကားဖြင့်ထွက်ဆိုခဲ့သော်၊ ထိုသက်သေထွက်ချက်ကို ထိုအမှုသည် နားလည်သောဘာသာ စကားဖြင့် အမှုစစ်ဆေးနေစဉ် ဘာသာပြန်ဆိုပေးရမည်။

စကားပြန်လိုအပ်လျှင်၊ အစိုးရစကားပြန်တဦး၊ သို့တည်းမဟုတ် နှစ်ဦးနှစ်ဘက်သဘောတူ ရွေးချယ် သည့် စကားပြန်များကို တရားရုံးက အသုံးပြုရမည်။

၁၁။ ။ သာမန်အားဖြင့် အမှုသည်များ၊ သက်သေများနှင့် စကားပြန်များကို ကတိသစ္စာပြု၍ (Chait Serh or) (KICIAM.) ထွက်ဆိုပြောဆိုခွင့် ပြုနိုင်သည်။ သို့ရာတွင် အမှုသည်တဦးဦးက၊ အမှုသည်များနှင့်သက်သေများအား ကျမ်းကျိန်ဆို၍ (VAWLEIEI.) OR (TUISIA.) အစစ်ခံရန် လျှောက်ထားလျှင်၊ လျှောက်ထားသည့်အတိုင်း ဆောင်ရွက်ရန် တရားရုံးက လိုအပ်သည်ဟုယူဆလျှင်၊ တရားမျှတမှုဖြစ်စေရန် ရပ်ရွာထုံးတမ်းစဉ်လာအရ ခွင့်ပြုရမည်။

၁၂။ ။တဦးတယောက်သောသူ၏ သက်သေထွက်ဆိုချက်ကို လိုအပ်သည်၊ သို့တည်းမဟုတ် ရယူ သင့်သည်ဟု ထင်မြင်ယူဆလျှင်၊ တရားရုံးက ထိုသူကိုဆင့်ခေါ်၍ စစ်ဆေးနိုင်သည်။ တရားရုံးက စစ်ဆေးသူများ၏ သက်ဆိုင်ရာ ထွက်ဆိုချက်များကို ရေးမှတ်ထားရမည်။ ထိုထွက်ဆိုချက်ကို ထွက်ဆိုသူအား ပြန်လည်ဘတ်ပြပြီးနောက်၊ ထိုထွက်ဆိုသူက မှန်ကန်ကြောင်းလက်မှတ် ရေးထိုးရမည်။

၁၃။ ။ အမှုစစ်ဆေးပြီးသောအခါ၊ တရားရုံးကချမှတ်သည့် စီရင်ချက်တွင် အမှုသွားအမှုလာ၊ သက်သေ ထွက်ချက်အကျဉ်းချုပ်၊ အငြင်းအခုံဖြစ်သည့် အချက်အလက်များ၏ ဆုံးဖြတ်ချက်နှင့် မည်သည့် အမှုသည်က တရားစရိတ် မည်၍မည်မျှ ပေးဆောင်ရမည်ကို ထင်ရှားစွာ ရေးသားဖော်ပြရမည်။

၁၄။ ။ အမှုသည်များအား၊ စီရင်ချက်ကို ၎င်းတို့နားလည်သော ဘာသာစကားဖြင့်ပြောပြ၍၊ အမှုတွင် ချမှတ်သော အမိန့်ပါသည့်အပိုင်း၏ မိတ္တူတစောင်ကို ထိုအမှုသည်တို့အားပေးရမည်။

၁၅။ ။ တရားနိုင်သူက နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ လျှောက်ထားလျှင်၊ တရားရုံးက အမိန့်များ အတည်ပြုရန် အောက်ပါအတိုင်းဆောင်ရွက်ရမည်။

Myanmar Law Information System (MLIS)

(က) တရားရှုံးသူပိုင်ဆိုင်သော မည်သည့်ပစ္စည်းကိုမဆို၊ တရားနိုင်သူအား လက်ရောက်ပေးအပ်ရန် အမိန့်ချမှတ်သည့်အခါ၊ ထိုပစ္စည်းကို တရားနိုင်အား လက်ရောက်ပေးအပ်ရမည်။ သို့တည်းမဟုတ် ပစ္စည်းသည်၊ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းဖြစ်၍၊ အကြောင်းတခုခုကြောင့် ထိုပစ္စည်းကို လက်ရောက်မပေး အပ်နိုင်လျှင်၊ ထိုပစ္စည်းအစား၊ ဤမှနောက်တဆက်တည်း ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း၊ ထိုပစ္စည်းအစား သတ်မှတ်ထားသည့် တန်ဘိုးတောင်းခံပေးရမည်။

(ခ) ခွဲစိတ်ယူရန် အမိန့်ချမှတ်လျှင်၊ ပစ္စည်းကိုခွဲစိတ်၍ တရားနိုင်သူအား၊ ရထိုက်သောပစ္စည်းအစိတ် အပိုင်းကို တရားနိုင်သူအား လက်ရောက်ပေးအပ်ရမည်။

(ဂ) ငွေပေးရန်အမိန့်ချမှတ်လျှင်၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းကို ဝါရမ်းကပ်၍ လေလံတင်ရောင်းချပေးရမည်။ သို့ရာတွင် တရားရှုံးသူသည်၊ လယ်၊ သို့တည်းမဟုတ် တောင်ယာလုပ်ကိုင်စားသောက်သူ ဖြစ်လျှင်၊ မြေယာထွန်ယက်နိုင်စိမ့်သောငှါ၊ နောက်ထပ်ကောက်ပဲသီးနှံ မရိတ်သိမ်းမီကာလအတွင်း၊ တရားရှုံးသူနှင့် တရားရှုံးသူ၏ အိမ်သားတစုဝမ်းစာအတွက် စပါး၊ ပဲအစရှိသည့် ကောက်ပဲသီးနှံများကို ရေနံဆီပုံးပေါင်း ငါးဆယ် (ဂါလံနှစ်ရာ) အထိ ဝါရမ်းကပ်ခြင်း၊ သို့တည်းမဟုတ် ရောင်းချခြင်းမှ လွတ်ငြိမ်းခွင့် ပြုရမည်။

(ဃ) တရားရှုံးသူက အမှုအရာတခုခုကို ဆောင်ရွက်ရမည်ဟု အမိန့်ချမှတ်လျှင်၊ တရားရှုံးသူ၏ ပစ္စည်းကို ဝါရမ်းကပ်၍ သိမ်းဆည်းထားခြင်းအားဖြင့်၊ တရားရှုံးသူအား ထိုအမှုအရာကို ဆောင်ရွက်စေ ရမည်။

တရားရှုံးသူဆိုသည်မှာ၊ မိမိအပေါ်တွင် အရှုံးပေးသည့် အမိန့်ချမှတ်ခြင်းခံရသူကို ဆိုလိုသည်။

၁၆။ ။ တဦးတယောက်သောသူသည်၊ အခြားတဦးတယောက်သောသူ အပေါ်တွင်ချမှတ်သည့် အမိန့်တခုလုံးအတွက်ဖြစ်စေ၊ တစိတ်တဒေသအတွက်ဖြစ်စေ အာမခံရလျှင်၊ တရားရှုံးသူအပေါ်တွင် ချမှတ်သည့်အမိန့်ကို အတည်ပြုသည့်နည်းလမ်းအတိုင်း၊ ထိုသူအပေါ်တွင်လည်း၊ အာမခံထားသည့် တာဝန်ရှိသလောက် ပေးဆောင်ရန် ဇာရီလုပ်နိုင်သည်။

၁၇။ ။ ချင်းအမျိုးသားမဟုတ်သောသူတဦးတယောက်၊ တရားဘက်အဖြစ်ပါဝင်ပြီး အငြင်းဖြစ်ပွါးသည့် အကြောင်းအချက်သည်၊ ချင်းဝိသေသတိုင်းအတွင်းတွင် ပေါ်ပေါက်ခဲ့သော်၊ အထက်တွင်ဖော်ပြထား သော နည်းလမ်းအတိုင်း လိုက်နာစစ်ဆေး ရမည်။

၁၈။ ။ ချင်းအမျိုးသားမဟုတ်သူ အချင်းချင်းဖြစ်သောအမှုများတွင်၊ ပြည်ထောင်စုတွင် တည်ဆဲဥပဒေအရ စစ်ဆေးရမည်။

အမိန့်အရ၊
ထောင်းကျင်းထန်၊
အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
ချင်းရေးရာဝန်ကြီးဌာန။

Myanmar Law Information System (MLIS)